Australian Government
Department of Employment and Workplace Relations

**တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်း စမ်းသပ်အစီအစဉ်**

# အလုပ်အကိုင်ရနိုင်ခြေ အခမဲ့ စိစစ်အကဲဖြတ်ပေးခြင်း

တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်း အောင်မြင်မှုရရှိသော ဩစတြေးလျနိုင်ငံ၌ နေထိုင်ကြသည့် ရွှေ့ပြောင်းနေထိုင်သူများသည် အလုပ်အကိုင်ရနိုင်ခြေ စိစစ်အကဲဖြတ်ပေးခြင်း စမ်းသပ်အစီအစဉ်တွင် စိစစ်အကဲဖြတ်ခံခွင့် ရနိုင်သည်။

## စိစစ်ပေးခြင်းမှာ ဘာလဲ။

- ✓ အခမဲ့ တစ်ခါလုပ်ပေးမည့် အလုပ်အကိုင်ရနိုင်ခြေ စိစစ်အကဲဖြတ်ပေးခြင်း
- ✓ အခမဲ့ တစ်ခါလုပ်ပေးမည့် နည်းပြပေးသည့်သင်တန်းချိန်
- ✓ သင်၏ အလုပ်အကိုင်ရနိုင်ခြေစွမ်းရည်များကို ပျိုးထောင်ရန် အခမဲ့ တစ်ခါလုပ်ပေးသည့် တစ်ဦးချင်း အစီအစဉ်
- ✓ အဖိုးအခစိုက်ပေးထားသည့် လေ့ကျင့်ရေးသင်တန်း။

## သင်၏ အလုပ်အကိုင်ရနိုင်ခြေစွမ်းရည်များကို တိုးတက်အောင်လုပ်ပါ

အလုပ်အကိုင်ရနိုင်ခြေစွမ်းရည်များမှာ နည်းပညာပိုင်းဆိုင်ရာ- မဟုတ်သော စွမ်းရည်များဖြစ်ကြပြီး သင့်အလုပ်ကို သင် လုပ်ကိုင်နိုင်စေကာ အခြားသူများနှင့်ကောင်းမွန်စွာ လုပ်ကိုင်နိုင်စေသည်။

သင့်အလုပ်ကိုလုပ်ရန် သင့်တွင် အရည်အချင်းများ၊ ဗဟုသုတနှင့် နည်းပညာဆိုင်ရာ စွမ်းရည်များ ရှိနေပြီးဖြစ်နိုင်သည်။

အခမဲ့လုပ်ပေးသည့် အလုပ်အကိုင်ရနိုင်ခြေ စိစစ်အကဲဖြတ်ပေးခြင်းမှာ သင်လုပ်လိုသည့် အလုပ်ကို ရရှိရေးတွင် လစ်ဟာနေသည့် အပိုင်းတစ်ခု ဖြစ်နိုင်သည်။

## အဖိုးအခစိုက်ပေးထားသည့် လေ့ကျင့်ရေးသင်တန်းကို ရယူပါ

သင့်အတွက်စိစစ်ခြင်းတွင် သင်၏ အလုပ်အကိုင်ရနိုင်ခြေစွမ်းရည်များကို တိုးမြှင့်ပေးစေရန်အတွက် တက်ရောက်ရမည့် လေ့ကျင့်ရေးသင်တန်းကို ဖော်ထုတ်ပေးနိုင်သည်။

ဤလေ့ကျင့်ရေးသင်တန်းကို တက်ရောက်ရန်အတွက် ဩစတြေးလျနိုင်ငံ အစိုးရသည် သင့်အား ဒေါ်လာ သုံးထောင် ($3,000) အထိ စိုက်ပေးပါမည်။ သင့်အနေဖြင့် လေ့ကျင့်ရေး အဖိုးအခ၏ 10% ပေးရန်လိုအပ်ပါမည်။

## သင် ဤငွေကို ရနိုင်သည်မှာ အကယ်၍ သင်-

- ✓ **သက်ဆိုင်ရာ အလုပ်အကိုင်** (**select occupation**) နှင့်ပတ်သက်ပြီး စွမ်းရည်စိစစ်အကဲဖြတ်မှု အောင်မြင်လျှင်
- ✓ သင့်စွမ်းရည်အဆင့်ထက် နိမ့်ကျနေသည့်အလုပ်တွင် အလုပ်လုပ်ကိုင်နေလျှင်
- ✓ ဩစတြေးလျနိုင်ငံ၌ **ရထိုက်ခွင့်ရှိသည့် အမြဲတမ်း ဗီဇာ** (**eligible permanent visa**) ဖြင့်နေထိုင်နေလျှင်
- ✓ အခြားသော ဩစတြေးလျနိုင်ငံ အစိုးရ အစီအစဉ်မှ ပံ့ပိုးမှု မရရှိနေလျှင် ဖြစ်သည်။

**ဤစမ်းသပ်အစီစဉ်မှာ အကန့်အသတ်ရှိခြင်းကြောင့် အလျင်အမြန်လျှောက်ထားပါ - ယနေ့ပင် လျှောက်ပါ။**

လျှောက်လွှာပုံစံတစ်ခုကို စိစစ်အကဲဖြတ်ပေးသည့် အာဏာပိုင်ထံမှ တောင်းယူပါ။
သင် စိစစ်ခံနိုင်သည် ဟုတ်မဟုတ် သင် ဖြည့်စွက်ထားသည့် ပုံစံကို ၎င်းတို့က စစ်ဆေးပါမည်။

**ယခု လျှောက်ထားပြီး သင် လိုချင်သည့်အလုပ်ကို ရယူပါ။**

ပိုမိုသိရှိရန် ဤ QR ကုဒ်ကို စကင်န်ဖတ်ပါ